# မပြီးပြည့်စုံသေးသောလွပ်လပ်ခြင်း
# မြန်မာနိုင်ငံ၏
# လွတ်လပ်စွာဆန္ဒထုတ်ဖော် ခွင့်ဆိုင်ရာအ
# လားအလာနှင့်
# သုံးသပ်တင်ပြချက်များ



PEN AMERICA
free expression.
literature.

# မပြီးပြည့်စုံသေးသော လွတ်လပ်ခြင်း - မြန်မာနိုင်ငံ၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ဆိုင်ရာ အလားအလာများနှင့် သုံးသပ်တင်ပြချက်များ

## နိဒါန်း

သမိုင်းဝင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ လွှတ်တော်ဆိုင်ရာရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အပြတ်အသတ် အနိုင်ရမှုဖြင့် မြန်မာနိုင်ငံသည် ၎င်း၏ပြုပြင်ပြောင်းလဲရေးတွင် ပိုမိုပြည့်ဝသောဒီမိုကရေစီဆီသို့သွားရန် လမ်းဆုံတွင် ရောက်ရှိနေပါသည်။ အကယ်၍ ဤအလားအလာရှိသည့်အတိုင်း အမှန်ဖြစ်ဖို့ဆိုလျှင် အစိုးရသစ်သည် လွတ်လပ်၍ဒီမိုကရေစီဆန်သော လူ့အဖွဲ့အစည်းတစ်ရပ်အတွက် မရှိမဖြစ်အခြေခံဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပြည့်ဝခိုင်မာစေရန် အလျင်အမြန်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် စတင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများက မြန်မာနိုင်ငံတွင် ပြောရေးဆိုခွင့်၊ ဆက်သွယ်မှုများနှင့် သတင်းဖြန့်ဝေမှုများအတွက် ပိုမိုပွင့်လင်းသော ဝန်းကျင်တစ်ရပ်ဆီသို့ဦးတည်သည့် သိသာထင်ရှားသော ခြေလှမ်းများကို ဖြစ်ပေါ်စေခဲ့သည်။ သို့သော်လည်း တိုးတက်မှုသည် ရပ်တန့်နေပြီး ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် အချို့သော ကဏ္ဍများ၌ နောက်ပြန်ဆွဲသွားသည်။ လွတ်လပ်စွာဖော်ထုတ်ခွင့်ကို တပ်မတော်က ဆက်လက် ကန့်သတ်ထိန်းချုပ်နေသည်ဖြစ်ရာ ၎င်း၏အခန်းကဏ္ဍကြောင့် အစိုးရသစ်ဖော်ဆောင်မည့် ကတိကဝတ်နှင့် လုပသောမြန်မာ့အနာဂတ်တို့ကိုမထိခိုက်စေရန် သေချာစေမည့် အလွန်အရေးကြီးသော ခြေလှမ်းများကိုလှမ်းရန်လိုအပ်သည်။

စစ်အာဏာရှင်အုပ်ချုပ်ရေးမှ အရပ်ဘက်သဏ္ဍာန်ဆောင်အစိုးရအဖြစ်သို့ အထက်မှအောက်သို့ ဆင်းသည့် အကူးအပြောင်း ငါးနှစ်တာကာလသို့ရောက်ရှိလာရာတွင် လက်ဖက်ရည်ဆိုင်များနှင့် အွန်လိုင်းတွင် ဝေဖန်ဆွေးနွေးငြင်းခုံခြင်း၊ မြန်မာနိုင်ငံ၏ များပြားလှစွာသော တိုင်းရင်းသားဘာသာစကားများဖြင့် ရေးသားခြင်း၊ လွှတ်တော်ရွေးကောက်ပွဲများတွင် မဲပေးခြင်းနှင့် ဝင်ရောက်အရွေးခံခြင်း၊ ကန့်ကွက်ဆန္ဒပြခြင်း၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံးပရိုဂရမ် အသစ်များနှင့် သတင်းမီဒီယာဆိုင်ရာ စာစောင်/ဂျာနယ်/ဝက်ဘ်ဆိုက်အသစ်များစတင် တည်ထောင်ခြင်း၊ ဗီဒီယိုများ ရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ခြင်းနှင့် သရော်စာများ/ပုံများဖန်တီးခြင်းတို့ဖြင့် မြန်မာနိုင်ငံသူနိုင်ငံသားများသည် ၎င်းတို့ ပူပူနွေးနွေးရရှိထားသော လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ကို လက်မလွှတ်တမ်း အသုံးချလျက်ရှိကြသည်။ ၎င်းတို့၏နိုင်ငံသည် လုံးဝတိတ်ဆိတ်လုနီးပါးဖြစ်ပြီး အထီးကျန်ဖြစ်နေသည့် အနေအထားမှ ကမ္ဘာနှင့်ချိတ်ဆက်ထားသော စမတ်ဖုန်း လူ့အဖွဲ့အစည်း အဖြစ်သို့ ခုန်ပျံကျော်လွှား ပြောင်းလဲခဲ့ပြီဖြစ်သည်။ အိမ်မှာ လျှပ်စစ်မီးရသူဦးရေထက် လက်ထဲတွင် မိုဘိုင်းဖုန်းကိုင်ထားသူ

ဦးရေက ပိုမိုများပြားလာပါသည်။ စာရေးဆရာများ၊ စာနယ်ဇင်းသမားများ၊ ကဗျာဆရာများ၊ ကာတွန်းဆရာများ၊ လူရွှင်တော်များ၊ သရုပ်ဆောင်သူ အနုပညာရှင်များ၊ ရုပ်ရှင်ရိုက်ကူးသူများနှင့် နိုင်ငံသူနိုင်ငံသားများသည် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်အတွက် ဤမျှလောက်များပြားသော စင်မြင့်များနှင့် အခွင့်အရေးများကို မည်သည့်အခါကမျှ မရရှိခဲ့ကြပါ။

ဝေဖန်သူများကို ဖိနှိပ်ချုပ်ခြယ်၍ ဝါဒဖြန့်ချိရေးယန္တရား၊ ပညာရေးနှင့် ဆက်သွယ်ရေးတို့အပေါ် တင်းကျပ်စွာချုပ်ကိုင်ခဲ့သော စစ်အုပ်ချုပ်ရေးကို ဆယ်စုနှစ်ပေါင်းများစွာခံခဲ့ရပြီးနောက်တွင် ဒီမိုကရေစီဝါဒကိုအခြေခံသော လူ့အဖွဲ့အစည်းအတွက် အခြေခံကျသော လွတ်လပ်စွာထုတ်ဖော်ခွင့် အခွင့်အရေးများကို ရယူကျင့်သုံးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့သည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင် မရှိမဖြစ်အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ အပေါ်ယံမှာရော နယ်ပယ်ကဏ္ဍစုံမှာရော အံ့မခန်းတိုးတက်မှုများရရှိခဲ့ပြီးဖြစ်သည်။ သို့သော် မီဒီယာအပေါ် ကြိုးကိုင်ခြယ်လှယ်ရန်နှင့် ထိန်းချုပ်ရန် လိုသည်ထက်ပိုမိုအင်အားသုံးမှုများနှင့် အဓိကအရေးပါသော ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအကြိုကာလတို့တွင် ဒီမိုကရေစီအရေး လှုပ်ရှားဆောင်ရွက်သူများနှင့် လွတ်လပ်စွာ ပြောဆိုခွင့်တို့အပေါ် အမြဲမဟုတ်သော်လည်း ဖြစ်ပွားတိုင်း ပြင်းပြင်းထန်ထန်ဖြိုခွင်း တတ်သည်တို့ကိုကြည့်လျှင် ဗိုလ်ချုပ်များနှင့် ၎င်းတို့၏ အပေါင်းအပါတို့၏ ချုပ်ကိုင်မှုသည် အနာအကင်းမသေသေးသည့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နက်နက်ရှိုင်းရှိုင်း တည်ရှိဆဲဖြစ်သည်ကို တွေ့နိုင်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သည် လွှတ်တော်အတွင်း နေရာအများစုကိုရရှိစေမည့် သမိုင်းဝင်ရွေးကောက်ပွဲ ရလဒ်များရရှိထားသော်လည်း တပ်မတော်သည် လွှတ်တော်အတွင်းမှာရော၊ အခြားအုပ်ချုပ်ရေးပိုင်းဖြစ်သည့် ဗျူရိုကရေစီဖွဲ့စည်းတည်ဆောက်မှုများတွင်မှာပါ ချုပ်ကိုင်မှု အတော်များများ ဆက်လက်ရယူထားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ တပ်မတော်နှင့် အာဏာရထိပ်ပိုင်း အလွှာတို့အကြားတွင် လွတ်လပ်စွာထုတ်ဖေါ်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးခြင်းသည် အရေးအကြီးဆုံးဖြစ်ကြောင်း နှလုံးသွင်းခံယူခြင်းမပြုသမျှ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ပြောဆိုခွင့်သည် အပြည်ပြည်ဆိုင်ရာစံများကို ပြည့်မီခြင်းမရှိနိုင်သည့်အပြင် ဖြစ်တည်ခါစဖြစ်သော ဒီမိုကရေစီကိုလည်း ချည့်နဲ့တုံ့ဆိုင်းစေမည်ဖြစ်သည်။ အစိုးရသစ်သည် ဆန္ဒထုတ်ဖေါ်ခြင်းနှင့် ၎င်းနှင့်ဆက်စပ်သောအခွင့်အရေးများကို ကာကွယ်သည့် ဥပဒေမူဘောင်နှင့် ထိန်းကျောင်းရေး မူဘောင်တို့ကို ဖော်ထုတ်ထူထောင်ရန်နှင့် အကောင်အထည်ဖော်ရန် အဆင်သင့်ဖြစ်မဖြစ်၊ နိုင်ငံသားများအကြားဆွေးနွေးပြောဆိုမှုများတွင် တပ်မတော်သည် ဝင်ရောက်နှောင့်ယှက်ခြင်း မပြုဘဲ နေမနေနှင့် နိုင်ငံသားများသည် ၎င်းတို့၏သဘောထားများကို စိတ်ချစွာ အသုံးပြုနိုင်မှုရှိမရှိ၊ အစိုးရအပေါ်ယုံကြည်မှုရှိမရှိ စသည့်နောက်ပိုင်းဖြစ်ပေါ်မှုများက မြန်မာနိုင်ငံ၏ပြုပြင် ပြောင်းလဲရေး သည် အောင်မြင်ပြီလား၊ အချည်းနှီးဖြစ်သွားပြီလား ဆိုသည်ကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

PEN အမေရိကန်ဗဟိုဌာနကပြုလုပ်သော မြန်မာနိုင်ငံ၏လွတ်လပ်စွာထုတ်ဖော်ခွင့်ဆိုင်ရာ ဝန်းကျင်အပေါ် အကဲဖြတ်လေ့လာမှုတစ်ရပ်အရ ၂၀၁၇ ပြည့်နှစ်မှစ၍ အခွင့်အလမ်းများရှိလာခဲ့သော်ငြားလည်း အထူးသဖြင့် သတင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်နှင့် ဒစ်ဂျစ်တယ်အခွင့်အရေးများဆိုင်ရာကဏ္ဍများတွင် ပြီးခဲ့သော ၂ နှစ်တာကာလအတွင်း အခွင့်အရေးချိုးဖောက်မှုအရေအတွက် ပုံမှန်တိုးပွားနေခြင်းက ပြုပြင်ပြောင်းလဲမှုအတွက် ရှင်းလင်း၍ အလွန်အရေးပါသောရှေ့ဆက်ရမည့် လမ်းကြောင်းကိုညွှန်ပြနေပါသည်။ အာဏာသိမ်း စစ်တပ်အုပ်ချုပ်သောကာလမှစတင်ကာ ယနေ့ထိဆက်လက်ရှိနေသော တင်းကျပ်ကန့်သတ်သည့် ဥပဒေများက စာနယ်ဇင်းသမားများနှင့် တက်ကြွလှုပ်ရှားဆောင်ရွက်သူများအပေါ် တရားစွဲဆိုနိုင်အောင် လမ်းဖွင့်ပေးထားပါသည်။ သတင်းနှင့် သတင်းအချက်အလက်အပေါ် တပ်မတော်၏ လက်တံရှည်ရှည်ဖြင့်ချုပ်ကိုင်မှုနှင့် အရပ်ဘက်အုပ်ချုပ်ရေးကဏ္ဍတွင် ၎င်းတို့ပါဝင်နေမှုနှင့်ပတ်သက်၍ တပ်မတော်ခေါင်းဆောင်ပိုင်းက ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်မှုနှင့်ဝေဖန်မှုပြုရန်ဆန္ဒမရှိခြင်းတို့သည် ဆက်စပ်လွှမ်းခြုံနေသော အကြောင်းများဖြစ်သည်။ တိုင်းရင်းသားပြည်နယ်ခုနစ်ခု၌ လူပေါင်းစုံ၏အသံပေါင်းစုံပါဝင်နိုင်ရေးအတွက်လည်းကောင်း၊ သတင်းအချက်အလက်စီးဆင်းမှု ပုံစံလမ်းကြောင်းများအတွက်လည်းကောင်း ပိုမိုကောင်းမွန်အောင် အားထုတ်မှုများမှာ အထူးအားနည်းလျက်ပင်ရှိသေးသည်။ ပြီးခဲ့သောနှစ်အတွင်း အမုန်းစကားပြောဆိုမှုများနှင့် မွတ်ဆလင်ဆန့်ကျင်ရေးဟောပြောမှုများတိုးပွားလာမှုသည် ဒီမိုကရက်တစ် သဘောတရားကျင့်စဉ်များအပေါ် အစွန်းအထင်းဖြစ်စေပါသည်။ PEN အမေရိကန်ဗဟိုဌာနသည် ဆန္ဒထုတ်ဖော်ခွင့်အတွက် ဥပဒေဆိုင်ရာနှင့် မူဝါဒဆိုင်ရာပိုမိုခိုင်မာသောအကာအကွယ်ပေးခြင်းသည် အစိုးရသစ်နှင့် အုပ်ချုပ်ရေးအသစ်ချမှတ်မည့်လုပ်ငန်းအစီအစဉ်၏ ဦးစားပေးစာရင်းတွင် ထားရှိဆောင်ရွက်စေလိမ့်မည်ဟု မျှော်လင့်ကာ **“မပြီးပြည့်စုံသေးသော လွတ်လပ်ခြင်း - မြန်မာနိုင်ငံ၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ဆိုင်ရာအလားအလာများနှင့် သုံးသပ် တင်ပြချက်များ”** အမည်ရှိ ဤအစီရင်ခံစာကို တင်ပြခြင်းဖြစ်သည်။ စစ်မှန်သောဒီမိုကရေစီ၏ ဤမရှိမဖြစ်မျက်နှာစာသည် မြန်မာနိုင်ငံအသစ်၏ အုတ်မြစ်အတွင်းတွင်ခိုင်မာစွာထည့်သွင်းထားရှိကြောင်း သေချာစေရန်အတွက် မြန်မာနိုင်ငံ၏အရပ်ဘက် လူ့အဖွဲ့အစည်းကဏ္ဍနှင့် အပြည်ပြည်ဆိုင်ရာအသိုက်အဝိုင်းတို့က ဆောင်ရွက်နိုင်သည့်လုပ်ငန်းများကိုမီးမောင်းထိုးပြရန်လည်း PEN ကရည်ရွယ်ပါသည်။

လာမည့်လများအတွင်း၊ သမ္မတသစ်နှင့် အစိုးရသစ်ကို ၂၀၁၆ ခုနှစ် မတ်လ ၂၉ ရက်နေ့နောက်ဆုံးထား၍ ခန့်အပ်ရန်သတ်မှတ်ထားရှိရာ (၎င်းသည်ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍရှင်းရှင်းလင်းလင်းဖြစ်ရန်လိုအပ်ချက်ကြောင့် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်) လွတ်လပ်စွာထုတ်ဖော်ခွင့်၏ရပ်ဝန်းကို အကာအကွယ်ပေးပြီး ချဲ့ထွင်ရန်အတွက် အရေးတကြီးဆောင်ရွက်မှုများလိုအပ်နေပါသည်။ ဥပဒေမူဘောင်နှင့် ထိန်းကျောင်းကြီးကြပ်မှုဘောင်တို့ကို

ပိုအားကောင်းအောင်လုပ်ပြီး လွတ်လပ်စွာပြောရေးဆိုခွင့်နှင့် အသင်းအပင်းဖွဲ့ခွင့်တို့ကို ရာဇဝတ်မှု တပ်ထားသည့် ဖိနှိပ်ချုပ်ချယ်သောဥပဒေများကို ပယ်ဖျက်လျှင်ပယ်ဖျက်၊ အပြည်ပြည်ဆိုင်ရာ စံများနှင့် ကိုက်ညီစေရန် ပြင်ဆင်လျှင်ပြင်ဆင်ရမည်ဖြစ်သည်။ သတင်းမီဒီယာနှင့် ဆက်သွယ်ရေး ဥပဒေအသစ်များနှင့် စာနယ်ဇင်းကောင်စီကဲ့သို့သော အဖွဲ့အစည်းများသည်လည်း ဤစံများနှင့် ကိုက်ညီသင့်ပါသည်။ မီဒီယာကဏ္ဍတွင် အာဏာပိုင်များပါဝင်ပတ်သက်နိုင်သော လက်ခံနိုင်သည့် အတိုင်းအတာဘောင် ကိုလည်း ရှင်းလင်းပြတ်သားစွာ အသေးစိတ်ဖော်ပြထားရမည်ဖြစ်ပြီး ထိုပါဝင်နိုင်မှုကိုလည်း သိသိသာသာလျှော့ချထားရမည်ဖြစ်သည်။ တပ်မတော်ကဖြစ်စေ၊ ပြန်ကြားရေး ဝန်ကြီးဌာနကဖြစ်စေ စာနယ်ဇင်းသမားများနှင့် သတင်းမီဒီယာများအပေါ် ပြစ်ဒဏ်ချမှတ် အရေးယူ ဆောင်ရွက်ချက်များ၊ ခြိမ်းခြောက်မှုများနှင့်တကွ ရေးသားဖော်ပြမည့်အကြောင်းအရာများအပေါ် ထိန်းချုပ်ခြင်း သို့မဟုတ် လမ်းညွှန်ခြင်းတို့ပြုလုပ်ရန် ကြိုးပမ်းအားထုတ်မှုများကို ရပ်စဲရန်လိုအပ်ပါသည်။ ထို့ပြင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုတွင်ပါဝင်ခြင်း သို့မဟုတ် လူမှုကွန်ရက်မီဒီယာတွင် ထုတ်ဖော်ပြောဆို ခြင်းတို့အတွက် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီး ချုပ်နှောင်ခြင်းကိုလည်း ရပ်စဲသင့်ပါသည်။ ဘာသာရေးအစွန်းရောက်ဝါဒ မြင့်မားလာမှုနှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားပြည်နယ်အများအပြားတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများ ရှိနေသည့်အခြေအနေတွင် အန္တရာယ်ရှိသော ပြောဆိုမှုများကို ကိုင်တွယ်ဆောင်ရွက်ခြင်းဆိုင်ရာ အထူးစိန်ခေါ်မှုများကို ထောက်ရှုပါက အစိုးရသစ်သည် သဘောထားကြီးသည်းခံမှုနှင့် ကောင်းမွန်သော ပြောကြားချက်များကို မြှင့်တင်ရန်၊ အသိုင်းအဝိုင်းအုပ်စုများအကြား တွေ့ဆုံဆွေးနွေးခြင်းများကို အားပေးရန်နှင့် အထူးသဖြင့် တိုင်းရင်းသားဘာသာစကားဖြင့်တင်ပြသည့် အမျိုးမျိုးသော သဘောထားများကို တိုးတက်ရှင်သန်အောင်မြင်စေရန် သေချာစေသော အစီအစဉ်တစ်ရပ်ကို လက်ခံ ချမှတ်ရန်လည်း လိုအပ်ပါသည်။

**“မပြီးပြည့်စုံသေးသောလွတ်လပ်ခြင်း - မြန်မာနိုင်ငံ၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ဆိုင်ရာ အလား အလာများနှင့် သုံးသပ်တင်ပြချက်များ”** သည် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ကို ထောက်ခံ အားပေးသူများ၊ စာနယ်ဇင်းသမားများ၊ အယ်ဒီတာများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းကဏ္ဍမှ လှုပ်ရှားဆောင်ရွက်သူများ၊ သုတေသနပညာရှင်များ၊ မီဒီယာဥပဒေကျွမ်းကျင်ပညာရှင်များ၊ မြန်မာ့တိုင်းရင်းသားမျိုးစုံတို့၏ကိုယ်စားလှယ်များ၊ အခြားသောပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်း ဆွေးနွေးမှုများအပေါ်အခြေခံထားသည့်အပြင် မီဒီယာအစီရင်ခံစာအများအပြားနှင့် တစ်ဆင့်ခံ အရင်းအမြစ်များကို ပြန်လည်သုံးသပ်ချက် အပေါ်လည်း အခြေခံပါသည်။ ဤတွေ့ရှိချက်များအပေါ် PEN သည် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်စံအပေါ် ၎င်း၏ကမ္ဘာ့အမြင်နှင့် အကောင်းဆုံးသော ကျင့်စဉ်များကိုကျင့်သုံး၍ သုတေသနပြုခဲ့ပါသည်။ ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် စတင် ဆောင်ရွက်ခဲ့သော ဤသုတေသနကို ၂၀၁၅ ခုနှစ် အစောပိုင်းကာလက PEN International ၊ PEN

မြန်မာ၊ PEN အမေရိကန်ဗဟိုဌာနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာအိုင်တီအဖွဲ့ (MIDO) တို့ ပြုစုရေးသားသည့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာပုံမှန်သုံးသပ်မှုလုပ်ငန်းစဉ် (UN Universal Period Review process) သို့တင်သွင်းသည့် အစီရင်ခံစာ တစ်ရပ်ပေါ်တွင် အခြေပြု ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏လွတ်လပ်စွာထုတ်ဖော်ခွင့်ဘောင်ကို ပိုမိုကျယ်ပြန့်စေခဲ့ပြီး ပိုမိုလွတ်လပ်စေခဲ့သည် အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများကို ခြုံငုံသုံးသပ်ချက်ဖြင့် ဤအစီရင်ခံစာကို အစပျိုးထားပါသည်။ ထို့နောက် တပ်မတော်နှင့်အစိုးရက အရေးယူဆောင်ရွက်ခြင်းများကို ရပ်စဲရန် လိုအပ်သောကိစ္စများစွာနှင့် ၎င်းတို့ဘက်က သဘောတူဆောင်ရွက်ခြင်းကို မဖြစ်မနေ လုပ်ဆောင်စေမည့် ကိစ္စအချို့အပါအဝင် မီဒီယာလွတ်လပ်ခွင့်၊ စုဝေးခွင့်၊ ဒစ်ဂျစ်တယ် ဆိုင်ရာအခွင့်အရေးများနှင့် တိုင်းရင်းသားတို့၏သဘောထားစသောကဏ္ဍများတွင် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ရရှိရေး၏ အခက်အခဲအတားအဆီးအတော်များများကို ခွဲခြမ်းစိတ်ဖြာ လေ့လာထားပါသည်။ ထို့နောက် အစိုးရသစ်၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြည်တွင်းအရပ်ဘက်လူ့အဖွဲ့အစည်းတို့အတွက် အကြံပြုချက်များတစ်သီတစ်တန်းဖြင့်နိဂုံးချုပ်ထားပါသည်။

## နိဂုံးနှင့် အကြံပြုချက်များ

မြန်မာနိုင်ငံ၏ အခြေတည်စ ဒီမိုကရေစီကို ခိုင်မာလာစေဖို့ဆိုလျှင် လွတ်လပ်စွာထုတ်ဖော်ခွင့်သည် အသစ်တက်လာမည့်အစိုးရ၏လုပ်ငန်းစဉ်တွင် အထူးအရေးကြီး ထောက်တိုင်ဖြစ်ဖို့လိုပါသည်။ ဤနိုင်ငံသည် မီဒီယာ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ လွတ်လပ်စွာစုဝေးခွင့်နှင့် လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်များအပေါ် ကန့်သတ်ချုပ်ခြယ်မှုများလျှော့ချခြင်းများအပါအဝင် လွတ်လပ်စွာထုတ်ဖော်ခွင့် ရပ်ဝန်းဆီသို့ဦးတည်သော ခြေလှမ်းအချို့ကိုလှမ်းထားပြီးဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် လွတ်လပ်ခွင့်များဆုတ်ယုတ် လျော့ကျခြင်းနှင့်အတူ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို အကာအကွယ်ပေးမည့် ဘက်စုံထောင့်စုံမှ ပြုပြင်ပြောင်းလဲထားသည့် ဥပဒေဆိုင်ရာဝန်းကျင်မရှိခြင်းသည် ဤဖြစ်ပေါ်တိုးတက်မှုကို ခြိမ်းခြောက်လျက်ရှိပါသည်။ ဥပဒေပုဒ်မများဖြင့်တရားစွဲဆိုခြင်းများ၊ ပေါ်လစီအရ သို့မဟုတ် ပေါ်လစီအရမဟုတ်သော စိစစ်ဖြတ်တောက်ခြင်းများနှင့် အယ်ဒီတာဆိုင်ရာ "လမ်းညွှန်မှုပေးခြင်း" တို့မှတစ်ဆင့် ဤလွတ်လပ်ခွင့်များကိုကန့်သတ်ခြင်းနှင့် အခြားသောပုံစံများဖြင့် လက်တုံ့ပြန်အနှောင့် အယှက်ပေးခြင်းတို့ပြုလုပ်နေသည့် တပ်မတော်၏အခန်းကဏ္ဍကို အဆုံးသတ်ရန်လိုအပ်ပါသည်။ အဓိကလှမ်းရမည့်ခြေလှမ်းများထဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေပြင်ဆင်မှုများ၊ စည်းကမ်းတင်ကျပ်ရေးမူဘောင်ပြုပြင်ပြောင်းလဲရေး၊ ပြန်ကြားရေးဝန်ကြီးဌာန၏ အာဏာများကို လျှော့ချရေးနှင့် လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြောဆိုခြင်းနှင့် အသင်းအဖွဲ့အစည်းများတွင် ပါဝင်ခြင်းကြောင့် အကျဉ်းကျနေသော သတင်းစာဆရာများနှင့် ပြုပြင်ပြောင်းလဲရေးအတွက် လှုပ်ရှားဆောင်ရွက်သူများကို ပြန်လွှတ်ပေးရေးတို့ပါဝင်ပါသည်။

ထိုသို့မဖြစ်ဘဲ ပြည်သူများအကြားဆွေးနွေးမှုနှင့် နားလည်သည်းခံနိုင်မှုစသည့် ကဏ္ဍများတွင် အစိုးရ၏လှုပ်ရှားဆောင်ရွက်မှုကင်းမဲ့နေပါသည်။ ဗုဒ္ဓဘာသာအစွန်းရောက်အုပ်စုများက လူမျိုးရေး ခွဲခြားမှုနှင့် အနည်းစုဘာသာဝင်များအပေါ် အမုန်းစကား များပြားလာသည့် အနေအထားတွင် အမုန်း စကားပြောသူများကို အာဏာပိုင်တို့က လွှတ်ပေးထားသော်လည်း အမုန်းစကားပြောခြင်းကိုဝေဖန် သူများကတော့ ခြိမ်းခြောက်တရားစွဲဆိုခံနေရပါသည်။ ဘာသာရေးအစွန်းရောက်မှုကို နှိမ်နင်းဖြေဖျောက်ပြီး လူမျိုးစုံဘာသာစုံ နားလည်လက်ခံမှုနှင့် မြန်မာ့လူ့အဖွဲ့အစည်း တစ်ခုလုံး၌ ဗဟုဝါဒ၊ ဗဟုစနစ်တို့ ထွန်းကားပြန့်ပွားရေးအတွက် ချဉ်းကပ်မှုအပိုင်းတွင် လုံးဝပြောင်းလဲဖို့ လိုအပ်ပါသည်။ အစပြုရမည့်နေရာမှာ အာဏာပိုင်များကိုယ်တိုင်ပင်ဖြစ်ပြီး ၎င်းတို့ ကိုယ်တိုင်က အမုန်းစကားများကို တရားဝင်ထောက်ခံခြင်းမပြုဘဲ တန်ပြန်ဆောင်ရွက်ရန်နှင့် ဘာသာပေါင်းစုံ ညီညွတ်ရေးအတွက် ထုတ်ဖော်သူများအား တရားစွဲဆိုခြင်း၊ ပြစ်တင်ဝေဖန်ခြင်းအစား တရားဝင် အားပေးမြှင့်တင်ကြောက်ရန်ဖြစ်သည်။

လာမည့်နှစ်သည် နိုင်ငံအဆင့်တွင် နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများအတွက် အရေးပါသော စမ်းသပ်မှုများရှိမည်ဖြစ်သလို အပစ်အခတ်ရပ်စဲရေးရယူထားပြီး လက်နက်ကိုင်စစ်မက်ပြုခြင်းများလည်း လျော့ကျသွားမည်ဖြစ်သော တိုင်းရင်းသားပြည်နယ်များတွင် တည်ငြိမ်မှုကိုခိုင်မာစေရန်အခွင့်အလမ်းလည်း ပေးမည့်နှစ်တစ်နှစ်ဖြစ်လာပါမည်။ မီဒီယာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ဖန်တီးမှုအနုပညာရှင်များ၏ ဤလုပ်ငန်းစဉ်တို့အတွင်း လွတ်လပ်စွာထုတ်ဖော်ပြသနိုင်စွမ်းနှင့် ပါဝင်ဆောင်ရွက်နိုင်စွမ်း ရှိရေးတို့သည် အလွန်ပင်အရေးပါလှပါသည်။ အစိုးရအပြောင်းအလဲရှိမည်ဟူသောအချက်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အများစုလွှမ်းမိုးမည်ဟူသောအချက်တို့သည် ရှေ့ဆက်ဒီမိုကရေစီ တိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြသခွင့်အပေါ်လေးစားမှုကို ခိုင်မာစွာအမြစ်တွယ်စေမည့် လမ်းကြောင်းတစ်လျှောက်တွင် နက်ရှိုင်းသောပြုပြင်ပြောင်းလဲမှုကို ဆက်လက်ပြုလုပ်နိုင်မည့်အခွင့်အလမ်းကို ပေးအပ်ခြင်း ဖြစ်ပါသည်။

ဤနိဂုံးချုပ်သုံးသပ်ချက်များနှင့် ဤအစီရင်ခံစာပါတွေ့ရှိချက်များအပေါ်အခြေခံပြီး PEN အမေရိကန်သည် အောက်ဖော်ပြပါအတိုင်းအကြံပြုပါသည်။

**မြန်မာနိုင်ငံ၏ အစိုးရအသစ်အတွက်**

- အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) ကို လက်မှတ်ရေးထိုးပြီးပဋိညာဉ်ခံရန်၊

- မီဒီယာ လွတ်လပ်မှုနှင့် သတင်းအချက်အလက်ရရှိနိုင်ခွင့်တို့အပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြသခွင့်အတွက် တိကျပြတ်သားသောအကာအကွယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ထည့်သွင်းပြဋ္ဌာန်းရန်၊

- လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်တို့ကို ကျိုးကြောင်းဆီလျော်မှု မရှိဘဲ ကန့်သတ်ချုပ်ချယ်ထားသော ရာဇသတ်ကြီးနှင့် အခြားသောဥပဒေများပါပြဋ္ဌာန်းချက်များကို အကောင်းဆုံး ကျင့်စဉ်များဖြစ်သောအပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီ ပယ်ဖျက်သင့်က ပယ်ဖျက်ပြီး ပြင်ဆင်သင့်က ပြင်ဆင်ပါရန်၊

- အသရေဖျက်ခြင်း၊ နိုင်ငံတော်အား အကြည်ညိုပျက်အောင်ပြုခြင်းနှင့် ငြိမ်းချမ်းစွာစုဝေးခြင်းတို့ကို ရာဇဝတ်ပြစ်မှုအဖြစ်မှ ပယ်ဖျက်ပေးရန်၊

- အထူးသဖြင့် တိုင်းရင်းသားပြည်နယ်များရှိ စာနယ်ဇင်းဆရာများအတွက် သတင်းအချက်အလက်ဆိုင်ရာရယူအသုံးပြုခြင်းဆိုင်ရာဥပဒေကိုလည်းကောင်း၊ ထိုဥပဒေအတိုင်း အကောင်အထည်ဖော်မှုရှိမရှိကြီးကြပ်မည့် နည်းဥပဒေများကိုလည်းကောင်း ပြဋ္ဌာန်းပေးရန်၊

- ကြီးကြပ်ရေးအဖွဲ့များလွတ်လွတ်လပ်လပ်လှုပ်ရှားရပ်တည်နိုင်ရေး၊ ပါဝင်သော အကြောင်းအရာအပေါ်အခြေခံ၍ ပြန်ကြားရေးဝန်ကြီးဌာန၏ စည်းမျဉ်းသတ်မှတ်ခြင်းကို အဆုံးသတ်နိုင်ရေးနှင့် သီးခြားလွတ်လပ်သော မီဒီယာဌာနများကိုလိုင်စင် လိုင်စင်ပိုမို ထုတ်ပေးနိုင်စေရေးတို့အတွက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေတို့ကို ပြင်ဆင်ရန်၊

- နိုင်ငံပိုင်ကဏ္ဍလျှော့ချရန်အတွက်လည်းကောင်း၊ ပုဂ္ဂလိကမီဒီယာများနှင့် မမျှတစွာပြိုင်ဆိုင်ခြင်းကင်းသည့် အပြည့်အဝလွတ်လပ်ပြီး အများပြည်သူ ဝန်ဆောင်မှုပေးသော ထုတ်လွှင့်သူ အစစ်အမှန်ပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း နိုင်ငံပိုင် မီဒီယာကဏ္ဍကို ပြုပြင် ပြောင်းလဲရန်၊

- တိုင်းရင်းသားစကားပြောသူများနှင့် ကျေးလက်နေလူထုအတွက် ရည်ရွယ်သည့် မီဒီယာများကိုဦးစားပေးမည့် ကျေးလက်ဗဟိုပြုမီဒီယာကဏ္ဍကိုဖော်ထုတ်ပေးရန်၊

- အွန်လိုင်းတွင် ဆန္ဒထုတ်ဖော်ခြင်းအတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းကိုဖြစ်စေ၊ မီဒီယာဌာနများကိုဖြစ်စေ အကျဉ်းချရန် သို့မဟုတ် ဒဏ်ငွေတပ်ရိုက်ရန်အလို့ငှာဥပဒေကို အသုံးချခြင်းမှ ရှောင်ကြဉ်ရန်၊

- စာနယ်ဇင်းအတတ်ပညာ၊ ဖန်တီးမှုပါသောဖော်ထုတ်မှု၊ အွန်လိုင်းမှဟောပြောခြင်းနှင့် ပြည်သူ့ဆန္ဒထုတ်ဖော်မှု စသည့်ပုံစံမျိုးဖြင့် မိမိတို့၏လွတ်လပ်စွာဖော်ထုတ်ပြသခွင့်နှင့် စုရုံးခွင့်တို့ကို ကျင့်သုံးခြင်းကြောင့် အကျဉ်းချခံထားသူများအား ပြန်လွှတ်ပေးရန်၊

- သတင်းစာဆရာများနှင့် လွပ်လပ်စွာထုတ်ဖော်ပြသသော အခြားသူများအပေါ် ကိုယ်ထိလက်ရောက်အနှောင့်အယှက်ပေးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းစသောအမှုများကို စုံစမ်း စစ်ဆေးပြီး ပြစ်မှုကျူးလွန်သူများအား အရေးယူအပြစ်ပေးရန်၊

- ပုဂ္ဂလိကကို ဈေးကွက်ထဲသို့ ပိုမိုဝင်ရောက်ခွင့်ပြုပြီး ဆက်သွယ်ရေးကဏ္ဍအတွင်း ပုံစံအမျိုးမျိုးဖြင့်ဆောင်ရွက်လုပ်ကိုင်မှုရှိစေရေးဦးစားပေးဆောင်ရွက်ရန်၊

- တိုင်းရင်းသားပြည်နယ်များအပါအဝင် မရောက်မပေါက်သေးသော နယ်မြေများသို့ မြန်နှုန်းမြင့်တယ်လီကွန်းဆက်သွယ်ရေးကို လျင်မြန်စွာစတင်သုံးစွဲနိုင်ရေး ဖြည့်ဆည်းပေးရန်၊

- သုံးစွဲသူများ၏ လျှို့ဝှက်ပိုင်ခွင့်နှင့် အွန်လိုင်းပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့် ရရှိကြောင်းသေချာစေရန်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍကို ထိန်းကျောင်းနေသော တင်းကျပ်သည့်ဥပဒေများကို ဖျက်သိမ်းရန် သို့မဟုတ် ပြင်ဆင်ရန်၊

- တိုင်းရင်းသားဘာသာစကားများဖြင့် ပညာသင်ကြားခြင်း၊ စာတတ်မြောက်ခြင်း၊ သတင်းပြန်ကြားခြင်းနှင့် ထုတ်ဝေခြင်းအပိုင်းတွင် ပံ့အော အထောက်အကူပေးရန်၊

- လူမျိုးစုပြည်နယ်များအတွင်း၌လည်းကောင်း၊ ထိုပြည်နယ်များမှလည်းကောင်း သတင်းထောက်များ၏ သတင်းပေးပို့မည့်အရည်အချင်းကို မြှင့်တင်ပေးရန်

- အမုန်းစကားနှင့် ဘာသာရေးအစွန်းရောက်မှုတို့ကို တန်ပြန်မည့် ထိပ်ပိုင်းအရာရှိများသည် ကြိုတင်လက်ဦးမှုရယူကာ ပြောသင့်ပြောထိုက်သည်များကို ပြောကြားထားစေရန်။

**နိုင်ငံတကာအသိုင်းအဝိုင်းအတွက်**

- ICCPR ကဲ့သို့သော အပြည်ပြည်ဆိုင်ရာနောက်ဆက်တွဲစာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ထိုးရန်နှင့် အပြည်ပြည်ဆိုင်ရာပုံမှန်ပြန်လည်သုံးသပ်ရေး (Universal Periodic Review) လုပ်ငန်းစဉ်အတွင်း ပေးပို့ထားသော အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်အောင် အစိုးရကို တိုက်တွန်းနားချရန်၊

- ဘာသာမတူသူများအပေါ် လက်မခံလိုခြင်းနှင့် အမုန်းစကားပြောဆိုခြင်းတို့နှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင်းပြင်းပြင်းထန်ထန်သဘောထားထုတ်ဖော်ရန်၊

- လွပ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုကာကွယ်ပြီး အမုန်းစကားပြောဆိုခြင်းကိုတန်ပြန်သော အရပ်ဘက်အဖွဲ့အစည်းများနှင့် ဦးဆောင်ဦးရွက်ပြုသူများကို ပံ့ပိုးကူညီရန်၊

- သတင်းမီဒီယာဥပဒေ ပြုပြင်ပြောင်းလဲရေး၊ ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်နှင့် အခြားထိန်းချုပ်ရန်လုပ် ပိုင်ခွင့်မူဘောင်တို့နှင့်စပ်လျဉ်း၍ ငွေရေးကြေးရေးအထောက်အပံ့နှင့် နည်းပညာအကူအညီပေးရန်၊

• ကျေးလက်မီဒီယာ၊ ဒစ်ဂျစ်တယ်တီထွင်မှုနှင့် စစ်မှန်သော အများပြည်သူ ဝန်ဆောင်မှု မီဒီယာပေါ်ပေါက်ရေးအပါအဝင် တိုင်းရင်းသားလူနည်းစုများ၏ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်အတွက် တွန်းအားပေးရန်။

## ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက်ကဏ္ဍအတွက်

• လွပ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ချိုးဖောက်မှုများကို စောင့်ကြည့်စစ်ဆေးပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် အကာအကွယ်ပိုပေးရေးအတွက် ရပ်ခံဆောင်ရွက်ရန်၊

• မီဒီယာပိုင်ဆိုင်မှု၊ မီဒီယာမှတစ်ဆင့်တင်ပြပြောဆိုမှုများနှင့် ဖန်တီးမှုပါသည့်ထုတ်ဖော်မှု တခြားပုံစံများ အမျိုးအစားစုံလင်ကြွယ်ဝရေး ဆက်လက်အားပေးမြေတောင်မြှောက်ရန်၊

• လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးမှုများကို ပျိုးထောင်ပေးရာတွင် တီထွင်ဖန်တီး မှုပါသောနည်းလမ်းများကို အသုံးပြုရန်။